ဆည်ကြီးကျေးရွာ

မန်ကျည်းကုန်းကျေးရွာအုပ်စု

ဝန်းသိုမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း

(၂၀၁၇–၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဆည်ကြီးကျေးရွာ၊ ဝန်းသိုမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေး နှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ

မာတိကာ

ခေါင်းစဉ်	စာမျက်နှာ
မာတိကာ	၁
စကားချီး	၅
ဆည်ကြီး ကျေးရွာ **အရင်းအမြစ်ပြမြေပုံ၊** ဝန်းသိုမြို့နယ်	၇
ဆည်ကြီး ကျေးရွာ **ရာသီခွင်ပြ ပြက္ခဒိန်၊** ဝန်းသိုမြို့နယ်	၈

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၉
(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက် ၉
(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု ၁၀
(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ
(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား ၁၁
(ခ) သဘာဝအရင်းအမြစ်များ ၁၁
(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ
(က) လူဦးရေဆိုင်ရာ အချက်အလက်များ ၁၁
(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု ၁၁
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု ၁၂
(ဃ) ပညာရေးနှင့် ကျွမ်းကျင်မှုများ ၁၂
(င) ကျန်းမာရေးနှင့် အာဟာရ ၁၃
(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု ၁၃
(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ် ၁၄
(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ ၁၄
(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ၁၅
(ဃ) ရွှေ့ပြောင်းလုပ်သားများ ၁၆
(င) ကုန်စည်နှင့် ဝန်ဆောင်မှု စျေးကွက် ၁၆
(စ) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း ၁၆
(ဆ) ပတ်ဝန်းကျင် နှင့် သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှု ၁၆
(ဇ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး ၁၆
(စျ) အခြေခံ အဆောက်အဦများလက်လှမ်းမီမှု – လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊

သတင်းနှင့် ဆက်သွယ်ရေး ၁၇
(ည) လူငယ်နှင့် ယဉ်ကျေးမှု ၁၈
(ဋ္ဌ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး ၁၈
(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ ၁၉
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၉
(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၀
(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ် ကျသော ချိတ်ဆက်မှုများ ၂၁
(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ
(က) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် ၂၁
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း ၂၂
(ဂ) ဦးစားပေး စီမံချက်များ ၂၄
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ ၂၄
(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၅
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၂၅
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ ၂၅
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ ၂၅
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ ၂၆
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ ၂၆
(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၂၆
(က) ကြီးကြပ်စစ်ဆေးခြင်း ၂၇
(ခ) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း ၂၇
(ဂ) နည်းပညာဆိုင်ရာ အကူအညီ ၂၈

နောက်ဆက်တွဲ

ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား ၂၉
ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း ၃၀
ရည်ညွှန်းချက်များ ၃၁
နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ
(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ၂ လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား
ဇယား ၃ ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု
ဇယား ၄ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၅ ဥစ္စာဓန အဆင့် အခြေအနေ
ဇယား ၆ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား ၇ ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၈ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၉ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု
(၂) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ
ဇယား ၁၀ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၃ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၄ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၆ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၈ မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ
ဇယား ၁၉ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၀ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၂၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ
ဇယား ၂၃ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၄ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၅ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၂၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျော့ချရေး အစီအမံများ
ဇယား ၂၇ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား ၂၈ ကျောင်းအပ်နှုန်း
ဇယား ၂၉ စာသင်ကျောင်းဆောင် အခြေအနေ
ဇယား ၃၀ ပညာရေး အခက်အခဲနှင့် ပြဿနာများ

ဇယား ၃၁ အဖြစ်များသော ရောဂါများ
ဇယား ၃၂ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ သောက်သုံးရေ ရရှိမှု
ဇယား ၃၄ သန့်ရှင်းရေး အခြေအနေ
ဇယား ၃၅ ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ
ဇယား ၃၆ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၃၇ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၃၈ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၃၉ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ
ဇယား ၄၀ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၁ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၂ မှုခင်းဖြစ်ပွားမှု အခြေအနေ
နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)
ဇယား ၄၅ ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)
ကိုးကားစာရင်း
အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက် ၈၃
စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၇/၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုကိုယ်တိုင် ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါတယ်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိ ပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော် လည်း လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းပါဝင် ဆောင်ရွက်သည့်နည်း လမ်းများနှင့် လုပ်ထုံး လုပ်နည်း များကို မသိ ခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် စီမံကိန်း ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို ကျေးလက် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း ရေးဆွဲရာတွင် ကိန်းဂဏာန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏာန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သောကိန်းဂဏာန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောစီမံကိန်းကို ထပ်မံရရှိသည့် ကိန်းဂဏာန်းအချက်အလက် များထပ်ဖြည့်ပေး ခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းစီမံကိန်းများကို မူဘောင် အတွင်းပြုပြင် ပြောင်းလဲမှု များ ဆက်လက်လုပ်ဆောင်သွားရပါမည်။


ဤဖွံ့ဖြိုးရေးစီမံကိန်းတွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်အဆင့်အစိုးရဌာနများ၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ ၏ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ဆောင်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။




ဤစီမံကိန်းတွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက် နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံချက်ဆိုင်ရာအချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြု စီမံချက်လုပ်ငန်းများ၏ အသေးစိတ်အချက် အလက်များ ပါဝင်ပါသည်။

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ဆည်ကြီးကျေးရွာ
မန်းကျည်းကုန်းကျေးရွာအုပ်စု
ဝန်းသိုမြို့နယ်

ဆည်ကြီးကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ဝန်းသိုမြို့နယ်

ရည်ညွှန်း- ဆည်ကြီး ကျေးရွာအရင်းအမြစ်ပြမြေပုံ - ဆည်ကြီးကျေးရွာ၊ မန်ကျည်းကုန်း ကျေးရွာအုပ်စု၊ ဝန်းသိုမြို့နယ်တွင်ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာ သူ/ကျေးရွာသားများကိုယ်တိုင် ပူးပေါင်းအကဲဖြတ်ခြင်းမှ ရယူသည်။ (၂၀၁၇၊ နိုဝင်ဘာလ ၂၅ ရက်)



လ/ အလုပ်အကိုင်	တန်ဖူး	ကဆုန်	နယုန်	ဝါဆို	ဝါခေါင်	တော်သလင်း	သီတင်းကျွတ်	တန်ဆောင်မုန်း	နတ်တော်	ပြာသို	တပိုတွဲ	တပေါင်း
အလုပ်အကိုင် ☺😐☹	☹	😐	☺	☹	☺	☹	😐	😐	😐	☺	☺	😐
	✓	✓✓	✓✓✓	✓	✓✓✓	✓	✓✓	✓✓	✓✓	✓✓✓	✓✓✓	✓✓
												
	-	-	ပျိုးကြဲ	စပါးစိုက်	စပါးစိုက်	နှမ်းစိုက်	-	-	စပါးဂိုတ်	စပါးသိမ်း	နှမ်းသိမ်း	-
												
	ရေနံ	ရေနံ	အသင့်တင်	ရေမျှား	ရေမျှား	ရေမျှား	ရေမျှား	ရေမျှား	အသင့်တင်	အသင့်တင်	အသင့်စဉ်	ရေနံ
	ကုသီပျှား	-	ငွေကျပျှား	တူတော်ကွေး	ငွေကျပျှား	-	-	ကုသီပျှား	-	-	ရေကြောက်	ကုသီပျှား
သီးနှံပိုးမွှားရောဂါ ကျရောက်မှု	-	-	အာမခံပိုး	-	ဂွမ်းပြုပိုး	အာမခံပိုး	သီးရွဲ့ဖေါက် ပိုး	အာမခံပြုတ်	-	-	-	-
	သင်္ကြန် အခါ	-	-	ဘကန်ကပ်	-	-	မိုးတွင်းပွဲ	ကထိန်ပွဲ	-	-	ပဌာန်းပွဲ	-
သဘာဝ ဘေးအန္တရာယ်	-	လေတိုက်	လေတိုက်	မိုးကြိုး	-	-	-	-	-	-	-	-

အပိုင်း က

ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

(၁) နိဒါန်း

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်။ ။ ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေး လုပ်ငန်း အတွေ့အကြုံ များကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ် ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိ လာ ကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်ထည် ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤစီမံကိန်းတွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာ များ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့် အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများ နှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်း များကို လည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်း နှင့် ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများနှင့် လွတ်တော်အား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့ အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်း များအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေး ဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာ နှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာ နှင့်ဆိုင် သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာ ငွေကြေး ဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ် ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု။ ။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလ တစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြား အဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီ များကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး အမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှု ရစေကာ ဖွံ့ဖြိုးမှု ဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထု ပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ လူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုး ပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေး ရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွား မည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတု နှင့် မြေမျက်နှာသွင်ပြင် အနေအထား။ ။ ဆည်ကြီးကျေးရွာသည် ဝန်းသိုမြို့၏ အနောက်တောင်ဘက်(၂)မိုင်ခန့်အကွာတွင်တည်ရှိပြီးမန်ကျည်းကုန်း အုပ်စုတွင်တည်ရှိပါသည်။ ဆည်ကြီးကျေးရွာသည် ဝန်းသို-ကောလင်း-ပင်လည်ဘူး လမ်းမကြီးပေါ်တွင် တည်ရှိပါသည်။ ကျေးရွာသည် ဆည်ကြီးရွာသစ်ကျေးရွာ၊ ကံကုန်းကျေးရွာ လေဘိုကျေးရွာတို့နှင့် နယ်နိမိတ်ချင်းထိစပ်နေပါသည်။ ကျေးရွာ၏ အနောက်ဘက်တွင် နန်းလိုင်းချောင်းဖြတ်သန်းစီးဆင်းပြီးတောင်ကုန်းတောင်းတန်းကြီးများအနီးတွင်တည်ရှိပါသည်။

(ခ) သဘာဝအရင်းအမြစ်များ ။ ဆည်ကြီးကျေးရွာတွင် သဲကျောက်၊ ကျောက်စရစ်များကို ရွာအနီးရှိ နန်းလိုင်းချောင်းမှ အလွယ်တကူရရှိနိုင်ပါသည်။ ကျေးရွာ၏ အနောက်ဘက်တွင် တောင်တန်းကြီးများရှိပြီး သဘာဝဆေးဖက်ဝင်အပင်များကိုလည်းတွေ့ရှိနိုင်ပါသည်။

(၃) လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာအချက်လက်များ။ ။ ကျွန်တော်တို့ ဆည်ကြီးကျေးရွာလူဦးရေမှာ အားလုံးစုစုပေါင်း မှာ (၂၂၇) ယောက်ဖြစ်ပါသည်။ နို့စို့အရွယ်မှာကျား(၅)၊ မ(၁)ဖြစ်ပါသည်။ မူလတန်းကျောင်းသားအရွယ်မှာ ကျား(၉)ယောက်၊ မ(၆)ယောက်၊ ပေါင်း(၁၅)ယောက်ရှိပြီး အလယ်တန်းအရွယ်မှာ ကျား(၉)၊ မ(၄)ယောက်ရှိပါသည်။ အလုပ်လုပ်နိုင်သည့်အရွယ် ကျား(၈၁)၊ မ(၉၅)ယောက်၊ ပေါင်း(၁၇၆)ယောက်ရှိပြီး၊ သက်ကြီးရွယ်အိုမှာ ကျား(၃)ယောက်၊ မ(၈)ယောက်တို့နေထိုင်ကြပါသည်။

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု ။

စီးပွါးရေးအခြေအနေနှင့်ဝင်ငွေ။ ။ ကျွန်တော်တို့ရွာတွင် သွားလာလျှောနည်းမှု၊ စီးပွားကျဆင်းမှု၊ ကုန်ထုတ်မှုမရှိခြင်းတို့ကြောင့် စီးပွားရေးချို့တွဲ့ရခြင်းဖြစ်ပါသည်။ အခြားသို့သွားပြီး ရွေလုပ် သားလုပ်ကိုင်ကြသည်မှာ (၁၀)ယောက်ရှိပြီး(၁)လမှ(၃)လအထိ သွားရောက်လုပ်ကိုင်ကြပါသည်။

ပိုင်ဆိုင်မှုနှင့်မမျှတမှု။ ။ကျေးရွာတွင် လယ်ယာမြေအသင့်အတင့်ရှိသော်လည်း ခေတ်ပညာတတ်နည်းပါးမှုကြောင့် စီးပွားရေးမှာ ဖွံ့ဖြိုးမှုမရှိပေ။ ကျေးရွာရှိ အချို့သောအိမ်ထောင်စုဝင်များသည် စီးပွားရေးအခြေအနေအရ အခြားဒေသများသို့ အလုပ်သွားရောက်လုပ်ကိုင်လျက်ရှိပါသည်။ကျေးတွင်အဆင်ပြေသော အိမ်ထောင်စု (၂၇) အိမ်သာရှိပြီး၊အလယ်အလတ်ရှိသောအိမ်ထောင်စု (၈) အိမ်၊မပြေလည်သောအိမ်ထောင်စု(၁၄)အိမ်ရှိပါသည်။ကျွန်တော်တို့ဆည်ကြီးကျေးရွာတွင်(၁)လစာအလုပ်သမား၏ (၁)ရက်ဝင်ငွေမှာ ၄၀၀၀/-ကျပ်ဖြစ်ပါသည်။ တစ်နာရီဝင်ငွေမှာ ၅၀၀/-ကျပ်ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော်တို့ရွာတွင် ဝမ်းစာဖူလုံမှုလျော့နည်းပြီး ဆင်းရဲမှုများပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှု နှင့် ထိခိုက်နစ်နာလွယ်မှု ။ ။ ကျွန်တော်တို့ဆည်ကြီးကျေးရွာတွင် စီးပွားရေး ဝင်ငွေအသင့် အသင့်ဖြစ်ရခြင်းမှာ လယ်ယာမြေအသင့်အသင့်ရှိပြီး အလုပ်အကိုင်လုပ်ငန်း ခွင်မှာလည်း ဝင်ငွေမရရှိခြင်းကြောင့်ဖြစ်ပါသည်။ ကျေးရွာတွင် အခြားဒေသို့ရွှေ့ပြောင်းသွားလာ လုပ်ကိုင်သူ စုစုပေါင်း ကျား ၁၈ ဦး မ ၉ ဦးရှိပါသည်။

ထိခိုက်နစ်နာလွယ်မှု။ ။ကျွန်တော်တို့ဆည်ကြီးကျေးရွာတွင် (၃)လအောက်ဝမ်းစာ ဖူလုံ မှုရခြင်းမှာ ထောက်ပံ့ငွေရရှိခြင်းကြောင့်ဖြစ်ပြီး (၃)လနှင့်(၆)လကြား ဝမ်းစာဖူလုံမှုအတွက် ကျပန်းလုပ်စားပြီး ကျန်(၆)လမှ(၁၂)အထိဝမ်းစာဖူလုံမှုမှာ လယ်အသင့်အသင့်ကောင်းမွန်၍ မွေးမြူရေးအောင်မြင်မှုကြောင့်ဖြစ်ပါသည်။

ကျေးရွာတွင်မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးအရွယ်(၁)ဦးရှိပြီး မြေယာပိုင်ဆိုင်သ ဖြင့်မြေယာအငှားချ၍ စားသောက်ပါသည်။

ကျွန်တော်တို့ ဆည်ကြီးကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံမှုမှာ လယ်မြေအလွန် မကောင်းမွန်ခြင်း၊ အလုပ်အကိုင်ဝင်ငွေများခြင်းကြောင့်ဖြစ်ပြီး သဘာဝရင်း မြစ်ရှားပါးမှုကြောင့် စိုက်ပျိုးမြေမှာ အင်တိုင်းမြေဖြစ်ပြီး ဆည်ကျိုးခြင်းတို့ကြောင့်ဖြစ်ပြီး ရေကြီးခြင်းကြောင့် ဆည်ကျိုး၍ ရွာနံဘေးကမ်းပါးပြိုခြင်း လယ်မြေပျက်စီးခြင်းတို့ကြောင့် ဖြစ်သည်။

ကျွန်တော်တို့ဆည်ကြီးကျေးရွာရှိ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုမှာ ကျောင်းသားများကိုထောက်ပံ့ရပြီး မိုးရာသီအလုပ်မဖြစ်ခြင်းတို့ကြောင့် နိမ့်ဆင်းရပါသည်။ မြေယာမဲ့ဆင်းရဲတောင်သူမှာ အလုပ်အကိုင်မရှိခြင်း သာရေး၊ နာရေး လုပ်ကိုင်မှုကြောင့်ဖြစ်ပါသည်။

(ဃ) ပညာရေး။ ။ ဆည်ကြီးကျေးရွာတွင်နေထိုင်ကြသောကျောင်းသားများမှ စာမ တတ်ရခြင်းမှာ မွေးရာပါစွံ့အ၍ဖြစ်ပါသည်။ စာမတတ်သူမှာ ကျား(၂)၊ မ(၁)ယောက်၊ ပေါင်း (၃)ယောက်ဖြစ်ပါသည်။ မူလတန်းအဆင့်ရှိသူဦးရေမှာ ကျား(၅၆)ယောက်၊ မ(၆၅)ယောက် ပေါင်း(၁၂၁)ယောက်မှာ တစ်ယောက်လျှင် မုန့်ဖိုး (၁)ရက်လျှင်(၃၀၀)ကုန်ကျပါသည်။ ပညာရေးဝန်ကြီးဌာနမှ ဗလာစာအုပ်နှင့် ပုံနှိပ်စာအုပ်များကို ကျောင်းသားအားလုံးရရှိပါ သည်။ အာဟာရအတွက် တခါတစ်ရံ မုန့်ဟင်းခါးကျွေးပါသည်။ ကျူရှင်ခ (၁)လလျှင် ၃၀၀၀/- ကျပ်ပေးရပါသည်။ အလယ်တန်းအဆင့်ဦးရေမှာ ကျား(၂၉)ဦး၊ မ(၂၁)ဦး၊ စုစုပေါင်း (၅၀)ဦးဖြစ်ပါသည်။ကျောင်းသားတစ်ယောက်၏ကုန်ကျငွေမှာ တစ်လလျှင် မုန့်ဖိုး၅၀၀၀/- ကျပ်ကုန်ကျပါသည်။ တစ်နှစ်အတွက်ကျူရှင်ခကုန်ကျငွေမှာ ၃၀၀၀၀၀/-ကျပ်ကုန်ကျပါ သည်။ အထက်တန်းအဆင့်ရှိသူဦးရေမှာ ကျား(၁၁)ယောက်၊ မ(၁၂)ယောက်၊ပေါင်း(၂၃) ယောက်ဖြစ်ပါသည်။ တစ်လလျှင် မုန့်ဖိုး၁၀၀၀၀/-ကျပ်ကုန်ကျပါသည်။ ချို့ချွန်ချွေတာစားရ ပါသည်။ တစ်နှစ်လျှင်ကျူရှင်ခကုန်ကျငွေမှာ ၅၀၀၀၀၀/-ကျပ်ကုန်ကျပါသည်။ တက္ကသိုလ် ကောလိပ်အဆင့်ရှိသူမှာ ကျား(၄)ယောက်၊ မ(၁၄)ယောက်၊ ပေါင်း(၁၈)ယောက်ဖြစ်ပါသည်။ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးနေ့ကျောင်းတက်ပါက (၄)လတစ်ဖြတ်လျှင် (၆)သိန်းကုန်

ကျပါသည်။တစ်နှစ်ကို(၈)လတက်ရပါသည်။ (၄)နှစ်တက်ရပြီးစုစုပေါင်းကုန်ကျငွေမှာ (၄၈) သိန်းကုန်ကျပါသည်။ အတန်းပညာပြီးမြောက်ပါက နိုင်ငံတော်မှ အလုပ်မပေးနိုင်သည့် အတွက် ကျပန်းအလုပ်လုပ်ရပါသည်။

ပညာရေးအဆင့်အတန်းကျောင်းတက်နှုန်းမှာ မူလတန်းကျား (၉)ယောက်၊ မ(၉)ယောက်ဖြစ် ပါသည်။ အလယ်တန်း ကျား(၅)၊ မ(၃)ယောက်ဖြစ်ပါသည်။ အထက်တန်းကျား(၁) ယောက်သာဖြစ်ပါသည်။ တက္ကသိုလ်ကောလိပ် ကျား(၁)၊ မ(၁) ယောက်ဖြစ်ပါသည်။

(ငဂ) ကျန်းမာရေး နှင့် အာဟာရ။ ။ ကျွန်တော်တို့ကျေးရွာတွင် အဓိကအဖြစ်များသော ရောဂါမှာ ဆီးချို၊ သွေးတိုး၊ ငှက်ဖျားရောဂါများဖြစ်ပါသည်။ ဆီးချိုရောဂါကုသရာတွင် မန္တလေးဆေးရုံ ကြီးသို့သွားရောက်ကုသသော်လည်း အရှင်မပျောက်သဖြင့် ဗမာဆေးများသောက်၍ ဒီအ တိုင်းပဲနေရပါသည်။ သွေးတိုးရောဂါများဖြစ်သော်အခါ ဝန်းသိုပြည်သူ့ဆေးရုံသို့ သွားရောက် ကုသရပါသည်။ ငှက်ဖျားရောဂါမှာ မိုးရာသီကာလတွင်အဖြစ်များ၍ ဆေးခန်းများသို့သွား ရောက်ကုသပြီး ဆရာဝန်ညွှန်ကြားသည့်ဆေးလုံးများကို အချိန်မှန်မှန်သောက်သုံးရပါသည်။ ဝမ်းပျက်ဝမ်းလျှောရောဂါမှာ တစ်ခါတစ်ရံသာဖြစ်သောကြောင့် ဗမာဆေးသုံးစွဲ၍ ပျောက် ကင်းပါသည်။ သွေးလွန်တုတ်ကွေးရောဂါဖြစ်ရသည်မှာ ရံဖန်ရံခါဖြစ်သည့်အခါတွင် ဝန်းသို ဆေးရုံသို့သွား ရောက်ကုသပါသည်။

ကျွန်တော်တို့ဆည်ကြီးကျေးရွာတွင် ဆေးခန်းမရှိဖြင့် ဝန်းသို မြို့ဆေးရုံသို့ (၃)မိုင်မှ (၅)မိုင်အထိကွာဝေးပြီး ကျန်းမာရေးဝန်ထမ်းအသင့်အသင့်ရှိပြီး၊ အသုံးပြုနိုင်သောကိရိယာများ အသင့်အသင့်ရှိ၍ လုံလောက်မှုမရှိပါ။ ကျန်းမာရေးအထောက် အကူပြုပစ္စည်းများမှာ ဝန်းသိုမြို့တွင်း ဆေးဆိုင်များမှ ဝယ်ယူသုံးစွဲရပါသည်။ မိမိကိုယ်ဝန် ဆောင်များကို ကျန်းမာရေးဌာနသို့ သွားရောက်မေးမြန်းပြီး ကိုယ်ဝန်ကာကွယ်ဆေးများကို ထိုးနှံရပါသည်။

ဆည်ကြီးကျေးရွာတွင် နာမကျန်းဖြစ်ပါက (၁)မိုင်မှ (၃)မိုင်ခန့် ဝေးကွာသော ဇီးဖြူပင်ကျေးရွာသို့ သွားရောက်ကုသရပါသည်။ ဝန်းသိုမြို့နယ်ပြည်သူ့ဆေး ရုံမှာ ကျေးရွာမှ (၃)မိုင်မှ(၅)မိုင်အကွာအဝေးရှိသည်။ ဝန်းသိုမြို့နယ်ရှိဆေးခန်းများမှာ နံကပ် သွပ်မိုး၊ မှန်ကောင်တာ များဖြင့် စနစ်တကျသိုလောင်ထားရှိကြောင်းတွေ့ရှိရပါသည်။

(စဃ) ကျားမဆိုင်ရာ ဆက်နွယ်မှု။ ။ကျွန်တော်တို့ဆည်ကြီးကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်း များနှင့် အဖွဲ့အစည်းများမှာ ဘုန်းကြီးကျောင်းဘုရားတည်၍ အမျိုးသမီးများမှာ လုပ်အား ဒါနပြုခြင်းနှင့် ထမင်းများကို ချက်ပြုတ် ဧည့်ခံကျွေးမွေးပါသည်။

(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ် အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန်များစွာ အထောက်အကူပြုနိုင်ပါသည်။

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်။ ကျွန်တော်တို့ ဆည်ကြီးကျေးရွာရှိ အ-မ-က မူလတန်းကျောင်း တွင် ကျောင်းကော်မတီဖွဲ့စည်းပြီး ကျောင်းဆောင်များကို ပြန်လည်ပြုပြင်ခြင်း၊ အိမ်သာ တည်ဆောက်ခြင်း၊ ကျောင်းရေတွင်းတူးဖော်ခြင်း အစရှိသည့်လုပ်ငန်းများကို လုပ်ဆောင်ပါသည်။ အမျိုးသမီးအဖွဲ့များမှာလည်း ရွာတွင်းရှိ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ စိုက်ပျိုးမွေးမြူရေးမှာ ဝက်မွေးပါက ဝက်ခြံအလျား(၁၄)တောင်၊ အနံ(၆)တောင်ရှိပြီး မြေစိုက်သွပ်မိုးသံဇကာ အသားနှင့်ပြုလုပ်ရပါသည်။ ဝက်ပေါက်တစ်ကောင်၏တန်ဘိုးမှာ ၆၀၀၀၀/-ကျပ်ဖြစ်ပါသည်။ တစ်ရက်ကိုစပ်စာ နို့ဆီဗူး(၂)လုံးကျွေးရပါသည်။ ဝက်(၇)လနေ လျှင်ရောင်းပါသည်။

(ခ)သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ။ ။ကျွန်တော်တို့ ဆည်ကြီးကျေးရွာ၏ လယ်မြေအမျိုးအစား အသင့်အသင့် ဖြစ်ရခြင်းမှာ အင်တိုင်းမြေဖြစ်ပြီး မြေဆီလွှာလျော့နည်းမှုကြောင့် ဖြစ်ပါသည်။ ကျေးရွာ၏ စိုက်ပျိုးမြေဧကမှာ စုစုပေါင်း လယ်(၁၂၉.၂၈)ဧက၊ ယာ(၅.၄)ဧကရှိပါသည်။ မြေတစ်ဧကအထွက်နှုန်းမှာ မိုးရေမှန်(၂၅)တင်းမှ(၅၀)ရသည်။ ရေတင်ရသည်မှာ တစ်ဧက လျှင်ဒီဇယ်တစ်ဂါလံကုန်ကျပါသည်။ လက်တွန်းထွန်စက်နှင့်လုပ်ကိုင်ကြသည်မှာ ဒီဇယ်(၃) ဂါလံကုန်ကျပါသည်။ ထွန်စက်မရှိပါက ငှားရမ်းခမှာ တစ်ဧကကို ၂၁၀၀၀/-ကျပ်ကုန်ကျပါ သည်။ စိုက်ပျိုးမြေအတွက်နွားချေးများလုံလောက်စွာမရှိသဖြင့် ဝယ်ရပါသည်။ နွားလှည်း တစ်စီးကို ၁၀၀၀၀/-ကျပ်ပေးရပါသည်။ နွားချေးတင် ငှားရသည်မှာ တစ်စီးကို ၅၀၀၀/-ကျပ် ပေးရပါသည်။ တစ်ဧကလှည်း(၅)စီးနှုန်း နွားချေးချရပါသည်။ စိုက်ပျိုးရေးရုံးမှ ရောင်းချ သော စပါးမျိုးစေ့အိတ်မှာ တစ်အိတ်ကို ၂၀၀၀၀/-ကျပ်ပေးဝယ်ရပါသည်။ စိုက်ပင်ကြီးထား ရန်အတွက် ဓာတ်မြေဩဇာပေးဝယ်ရသည်မှာ အကြွေးပေးဝယ်ရသည်။ တစ်အိတ်ကို ၂၉၀၀၀/-ကျပ်ပေးရပါသည်။ စပါးရိတ်သိမ်းရသည်မှာ တစ်ဧကစရိတ်ငြိမ်း ၃၅၀၀၀/-ကျပ် ပေးရပြီး စပါးခြွေလှေ့ခမှာ တင်း ၁၀၀လျှင် စပါး(၃)တင်းပေးဆောင်ရပါသည်။

ကျေးရွာ၏မြေယာမဲ့ဖြစ်ရခြင်းမှာ တိုးချဲ့မြေမရှိခြင်း ၂.၅ဧက အောက်မှာ စိုက်ပျိုးမြေနည်းပြီး အလုပ်အကိုင်များနှင့် မွေးမြူရေးနည်းပါးခြင်းကြောင့်ဖြစ်ပါ သည်။

ကျွန်တော်တို့ဆည်ကြီးကျေးရွာတွင် စပါးစိုက်ပျိုးမြေဧကမှာ (၅၆)ဧကဖြစ်ပြီး တစ်ဧကအနည်းဆုံးအထွက်နှုန်းမှာ အနည်းဆုံးတင်း(၃၀)၊ အများဆုံး တင်း(၉၀)ဖြစ်ပါသည်။ ပျမ်းမျှနှုန်း(၅၀)မှာ ရာသီဥတုအခြေအနေမမှန်ခြင်းမှာ အောင်ရေမလုံလောက်ခြင်းတို့ကြောင့်ဖြစ်ပါသည်။ စပါးမျိုးကောင်းများကို စိုက်ပျိုးရေးရုံးတွင်ဝယ်ယူသော်လည်း ဈေးကြီး၍မဝယ်နိုင်ပါ။ စိုက်ဘဏ်ထုတ်သည့်လမှာ ၃လ ၆လလောက်သနှုန်း(၅၀)မှာ

ရာသီဥတုအခြေအနေမမှန်ခြင်းမှာ အောင်ရေ မလုံလောက်ခြင်းတို့ကြောင့်ဖြစ်ပါသည်။ စပါးမျိုးကောင်းများကို စိုက်ပျိုးရေးရုံးတွင်ဝယ်ယူ သော်လည်း ဈေးကြီး၍မဝယ်နိုင်ပါ။ စိုက်ဘဏ်ထုတ်သည့်လမှာ ၃လ ဖြလောက်သထားရှိ ပြီး တစ်ဧကတွင် ငွေတစ်သိန်းခွဲသာရရှိမှုမှာ မလုံလောက်သဖြင့် နောက်ထပ်တိုးပေးပါရန်၊ ချေးငွေကာလကို တစ်နှစ်အထိထား ပေးရန်ဖြစ်ပါသည်။

ဆည်ကြီးကျေးရွာရှိလယ်သမားများ ထွန်စက်ကြီးများကို ငှားရမ်းလုပ်ကိုင်ကြရာ တစ်နာရီလျှင်ငွေကျပ် ၂၅၀၀၀/-ပေးဆောင်ပြီး လုပ်ကိုင်ကြရသည်။ လယ်သမား(၃၇)ဦးရှိသည့်အနက် လက်တွန်းထွန်စက်ပိုင်ဆိုင်သောဦးရေမှာ (၁၀)ဦးသာဖြစ် ပြီး ငှားရမ်း၍ သုံးနိုင်သော လယ်သမားများ(၁၅)ဦးမှာ ထွန်တစ်စပ် (၁)ဧက ၇၀၀၀/-ကျပ်ဖြစ် ပါသည်။ ကျန်(၁၂)ဦးမှာ ကျွဲ၊နွားများဖြင့် နေပူပူ မိုးရွာရွာဖြင့် ဆင်းရဲစွာလုပ်ကိုင်စားသောက် ရပါသည်။

သဘာဝရေမြေရာသီဥတုအနေအထားမှာ အသင့်အသင့် မိုးရွာ ပါသည်။ လယ်ယာမြေအသုံးချနိုင်မှုမှာရေလိုပါသည်။ မြေဩဇာလိုသည်၊ မြေရှိဖို့လိုသည်။ စက်ကိရိယာလိုပါသည်။ ကျွဲနွားရှိဖို့လိုပါသည်။ စိုက်ပျိုးနည်းစနစ်လိုပါသည်။ လုပ်အားခလို ပါသည်။ စိုက်ပျိုးရေမရရှိပါသဖြင့် စက်ရေတင်ပြီးစိုက်ရပါသည်။ စိုက်ဘဏ်ချေးငွေရရှိပါ သည်။ လုံလောက်မှုမရှိပါ။ စိုက်ပျိုးသီးနှံဝယ်ယူရသည်မှာ ဝန်းသိုမြို့သို့သွား၍ဝယ်ရပါသည်။ သဘာဝ မြေဆွေးလုံလောက်မှုမရှိသဖြင့် ဝယ်ယူရပါသည်။ နွားချေးလှည်းတစ်စီး ၁၀၀၀၀/-ကျပ်ပေးရပါသည်။ ဓာတ်မြေဩဇာပေါက်ဈေးမှာ တစ်အိတ် ၂၅၀၀၀/-ကျပ်ပေးဝယ်ရပါ သည်။ ပိုးသတ်ဆေးကိုလည်း ဝန်းသိုမြို့သွားဝယ်ရသည်မှာ (၃)မိုင်(၅)မိုင်အထိသွားလာ ဝယ်ရပါသည်။ လုပ်သားရရှိနိုင်ခြင်းမှာ အလုပ်အကိုင်နည်းပါးခြင်း၊ နည်းပညာစိုက်ပျိုးရေး ပိုင်းဆိုင်ရာဝန်ဆောင်မှု များမှာ စိုက်ပျိုးရေးရုံးမှာ သွားရောက်လေ့လာ၍ရပါသည်။

မွေးမြူရေးလုပ်ငန်းမှာ နွားများမွေးမြူသည့်အိမ်ထောင်စုမှာ (၁၉)အိမ်ဖြစ်ပြီး နွားကောင်ရေ (၅၇)ကောင်၊ စားကျက်မြေမရှိသည့်အတွက် တစ်အိမ်လျှင် ခိုင်းနွား(၂)ကောင်သာမွေးမြူကြပါသည်။ ကျွဲမွေးမြူသည့်အိမ်ထောင်စုမှာ (၃)အိမ်ဖြစ်ပါ သည်။ ကျွဲစားကျက်မြေများများမရှိသည့်အတွက် ခိုင်းကျွဲများသာမွေးမြူကြပါသည်။ ဝက်မွေးမြူသည့်အိမ်ထောင်စု(၂၁)အိမ်ဖြစ်ပြီး ဝက်ကောင်ရေမှာ (၉၅)ကောင်ဖြစ်ပါသည်။ ကြက်မွေးမြူသည့်အိမ်ထောင်စုမှာ (၃၂)အိမ်ဖြစ်ပြီး ကြက်ကောင်ရေမှာ ၂၇၀ ကောင်ကို ဟင်းစားအဖြစ်မွေးမြူကြပါသည်။ ဘဲမွေးမြူသည့်အိမ်ထောင်စုမှာ (၁)အိမ်ဖြစ် ပါသည်။ ဘဲကောင်ရေ(၂)ကောင်ဖြစ်ပြီး ဟင်းစားအဖြစ်မွေးမြူကြပါသည်။ ဝက်မွေးမြူ ရခြင်းမှာ တစ်ပိုင်တစ်နိုင်မွေးပြီး စီးပွားရေးအထောက်အပံ့ဖြစ်ရန်သာ မွေးမြူကြပါသည်။

(၈) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ။ ။ ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော လုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများမရှိပါ။

(ဃ) ရွှေ့ပြောင်းလုပ်သားများ။ ။ ကျေးရွာတွင် လူမှုရေးစီးပွားရေးအခြေအနေအရ ရွှေ့ပြောင်းသွားလာသူများရှိပါသည်။ရွှေ့ပြောင်းသွားလာသူ (၂၈)ဦးအထိရှိပြီး ရွှေ့ပြောင်းသွားလာရာတွင် ပြည်တွင်းခ်ိသာ သွားလာကြပြီး ပြည်ပသို့ရွှေ့ ပြောင်းသွားလာသူမရှိပါ။ အဓိကရွှေ့ပြောင်းသွားလာရာတွင် ကျေးရွာခ်ိ အလုပ်အကိုင် အခွင့်အလမ်းနည်းပါးခြင်းကြောင့်ဖြစ်သည်။ ရွှေ့ပြောင်းသွားလာသူများ၏ ပြန်ပို့ငွေကို မှီခိုနေရသော အိမ်ထောင်စုများရှိပါသည်။ ပြန်ပို့ငွေများကို ဘဏ်(သို့မဟုတ်) လူကြုံဖြင့် ပို့ကြပါသည်။

(င) ကုန်စည် နှင့် ဝန်ဆောင်မှု စျေးကွက်။ ။ကျေးရွာနှင့် အနီးဆုံးစျေးမှာ ဝန်းသိုမြို့မစျေးဖြစ်ပြီး ၅မိုင်အတွင်းတည်ရှိပါသည်။ အကြီးဆုံးစျေးကွက်အနေဖြင့် ကောလင်းမြို့မစျေးဖြစ်ပြီး ကျေးရွာမှ ၁၀မိုင်အတွင်းတည်ရှိပါသည်။ အဆိုပါစျေးများသို့ ဆိုင်ကယ်၊ ကား၊ သုံးဘီးများဖြင့်သွားလာကြရပြီး အဆိုပါစျေးများတွင် စားသောက်ကုန်(ကုန်စိမ်း/ကုန်ခြောက်များ) မီးဖိုချောင်သုံးနှင့် အိမ်သုံးပစ္စည်းများ ၊ အဝတ်အထည်များ၊ ဆောက်လုပ်ရေးပစ္စည်းများ၊ ပရိဘောဂများ၊ အစရှိသဖြင့် ပစ္စည်းများ စုံလင်စွာရရှိနိုင်ပါသည်။

ကျွန်တော်တို့ဆည်ကြီးကျေးရွာတွင် သယ်ယူပို့ဆောင်ရေးယာဉ် များနှင့် ဝန်ဆောင်မှုများမှာ စက်ဘီး(၂၀)စီး၊ သုံးဘီး(၂)စီး၊ ကား(၂)စီး၊ နွားလှည်း(၂၁)စီး စသည်ဖြင့် သယ်ယူပို့ဆောင်ရေးများပြုလုပ်ကြပါသည်။

(စ) ငွေကြေးလက်လှမ်းမီမှု နှင့် ဘဏ်လုပ်ငန်း။ ။ လယ်သမားများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်မှ ကာလတိုချေးငွေ ဖြလမှ တစ်နှစ်အထိ အတိုးနှုန်း ၁ရာခိုင်နှုန်းမှ ၂ ရာခိုင်နှုန်းအထိ စိုက်ပျိုးရေး ချေးငွေများ ရရှိပါသည်။ သမဝါယမချေးငွေများလည်း ထုတ်ချေးကြပါသည်။

(ဆ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု။ ။ ကျွန်တော်တို့ဆည်ကြီးကျေးရွာတွင် သဲကျောက်၊ ကျောက်စရစ် များကို လွယ်ကူစွာရရှိရခြင်းမှာ ချောင်းနှင့်နီးပြီး လမ်းပန်းဆက်သွယ်ရေးကြောင့်ဖြစ်ပါ သည်။ နွားစာဆေးဘက်ဝင်အပင်များမှာ လယ်နှင့် တောတောင် ဆက်စပ်မှုရှိခြင်းတို့ကြောင့် ဖြစ်ပါသည်။

(ဇ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး။ ပညာရေးအခက်အခဲနှင့် ပြဿနာများမှာ ကျောင်းဆရာမ(၄) ယောက်၊ ဆရာ(၁)ယောက်၊ စုစုပေါင်း(၅)ယောက်ရှိပြီး လုံလောက်ပါသည်။ တပည့်အချိုး ၄၀:၁ အထက်ရှိပါသည်။ မူလတန်းပညာကျောင်းထွက်နှုန်းမရှိပါ။ ဆင်းရဲသောမိသားစုများ အတွက် ကျောင်းစရိတ်မတတ်နိုင်မှု မရှိပါ။ မိမိတတ်နိုင် သမျှကြိုးစားရုန်းကန်ပြီးကျောင်း ထားကြပါသည်။ ကျောင်းသားအားကစားဆိုင်ရာ ပစ္စည်းများ လက်လှမ်းမီမှုနည်းပါသည်။ မိဘဆရာအသင်း၏အခန်းကဏ္ဍမှာ တိုက်တွန်းနှိုးဆော်မှုရှိပြီး စာသင်မှုအသင့်အသင့်သင် ကြားပေးသောကြောင့် စာမေးပွဲ အသင့်အသင့်အောင်ကြပါသည်။

ကျွန်တော်တို့ကျေးရွာတွင် အဓိကအဖြစ်များသောရောဂါမှာ ဆီးချို၊ သွေးတိုး၊ ငှက်ဖျားရောဂါများဖြစ်ပါသည်။ ဆီးချိုရောဂါကုသရာတွင် မန္တလေးဆေးရုံကြီးသို့သွားရောက်ကုသသော်လည်း အရှင်မပျောက်သဖြင့် ဗမာဆေးများသောက်၍ ဒီအတိုင်းပဲနေရပါသည်။ သွေးတိုးရောဂါများဖြစ်သော်အခါ ဝန်းသိုပြည်သူ့ဆေးရုံသို့ သွားရောက်ကုသရပါသည်။ ငှက်ဖျားရောဂါမှာ မိုးရာသီကာလတွင်အဖြစ်များ၍ ဆေးခန်းများသို့သွားရောက်ကုသပြီး ဆရာဝန်ညွှန်ကြားသည့်ဆေးလုံးများကို အချိန်မှန်မှန်သောက်သုံးရပါသည်။ ဝမ်းပျက်ဝမ်းလျှောရောဂါမှာ တစ်ခါတစ်ရံသာဖြစ်သောကြောင့် ဗမာဆေးသုံးစွဲ၍ ပျောက်ကင်းပါသည်။ သွေးလွန်တုတ်ကွေးရောဂါဖြစ်ရသည်မှာ ရံဖန်ရံခါဖြစ်သည့်အခါတွင် ဝန်းသိုဆေးရုံသို့သွား ရောက်ကုသပါသည်။

ကျွန်တော်တို့ဆည်ကြီးကျေးရွာတွင် ဆေးခန်းမရှိဖြင့် ဝန်းသို မြို့ဆေးရုံသို့ (၃)မိုင်မှ (၅)မိုင်အထိကွာဝေးပြီး ကျန်းမာရေးဝန်ထမ်းအသင့်အသင့်ရှိပြီး၊ အသုံးပြုနိုင်သောဂိရိယာများ အသင့်အသင့်ရှိ၍ လုံလောက်မှုမရှိပါ။ ကျန်းမာရေးအထောက် အကူပြုပစ္စည်းများမှာ ဝန်းသိုမြို့တွင်း ဆေးဆိုင်များမှ ဝယ်ယူသုံးစွဲရပါသည်။ မိမိကိုယ်ဝန် ဆောင်များကို ကျန်းမာရေးဌာနသို့ သွားရောက်မေးမြန်းပြီး ကိုယ်ဝန်ကာကွယ်ဆေးများကို ထိုးနှံရပါသည်။

ဆည်ကြီးကျေးရွာတွင် နာမကျန်းဖြစ်ပါက (၁)မိုင်မှ (၃)မိုင်ခန့် ဝေးကွာသော ဇီးဖြူပင်ကျေးရွာသို့ သွားရောက်ကုသရပါသည်။ ဝန်းသိုမြို့နယ်ပြည်သူ့ဆေး ရုံမှာ ကျေးရွာမှ (၃)မိုင်မှ(၅)မိုင်အကွာအဝေးရှိသည်။ ဝန်းသိုမြို့နယ်ရှိဆေးခန်းများမှာ နံကပ် သွပ်မိုး၊ မှန်ကောင်တာများဖြင့် စနစ်တကျသိုလောင်ထားရှိကြောင်းတွေ့ရှိရပါသည်။

ကျွန်တော်တို့ဆည်ကြီးကျေးရွာတွင် ရေတွင်း(၇)တွင်းရှိ၍ ရေလုံလောက်စွာသုံးစွဲနိုင်ပါသည်။ နွေ၊ မိုး၊ ဆောင်း သုံးရာသီလုံလောက်စွာရေကို သုံးစွဲနိုင်ပါ သည်။

ကျွန်တော်တို့ဆည်ကြီးကျေးရွာတွင် အသုံးပြုနေသော အိမ်သာ အမျိုးအစားမှာ တွင်းတူး၊ မြေစိုက်၊ သွပ်ကာ၊ သွပ်မိုး၊ ရေလောင်းအိမ်သာများဖြစ်ပြီး အိမ် သာမရှိသူမှာ အိမ်တစ်ဝန်းထဲ၌ရှိ၍တွဲသုံးသောကြောင့်ဖြစ်သည်။

(စျ) အခြေခံ အဆောက်အဦများအား လက်လှမ်းမီမှု (လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်း နှင့် ဆက်သွယ်ရေး) ။ ။ ကျွန်တော်တို့ဆည်ကြီးကျေးရွာတွင် လမ်းအမျိုးအစား(၁)မှာ ကျောက်ခင်းလမ်းဖြစ်ပြီး အရည်အသွေးမှာသင့်ဖြစ်၍ ကျောက်ခင်းလမ်းတည်ဆောက်ခဲ့ သောနှစ်မှာ ၅ နှစ်အထက်ဖြစ်သောကြောင့် ရာသီအလိုက်သုံးစွဲနိုင်မှုမှာ ပွင့်လင်းရာသီဖြစ်၍ ရွာတွင်းလမ်း အရှည်မှာ(၁)မိုင်ဖြစ်ပါသည်။

ကျွန်တော်တို့ဆည်ကြီးကျေးရွာတွင် လျှပ်စစ်မီးရရှိမှုအခြေ အနေမှာ (၃၅)ဦးဖြစ်ပြီး ကျန်အိမ်ထောင်စုများမှာ ကျေးရွာမှသတ်မှတ်ထားသော ငွေကြေး များကို

လုံလောက်စွာမထည့်နိုင်ခြင်းကြောင့်ဖြစ်ပါသည်။ သုံးစွဲသည့်အခြေအနေမှာ တစ်လ ကို မိမိသုံးစွဲသလောက်ပေးဆောင်ရပြီး မီတာထိန်းသိမ်းခကို ၅၀၀/-ကျပ်ပေးဆောင်ရပါ သည်။

ကျွန်တော်တို့ဆည်ကြီးကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာနည်းပညာမှာ ဖုန်း(၉၅)လုံး၊ တီဗွီ(၂၆)လုံး၊ ဂြိုလ်တုစလောင်း (၂၀)လုံးရှိပါသည်။ ဖုန်းဆက်သွယ်ရေးမှာ သေရေးရှင်ရေးပြဿနာကြောင့်ဆက်သွယ်ကြပါ သည်။ တီဗွီကြည့်ရာတွင် မြန်မာနိုင်ငံမှာ လူမှုရေး၊ ပညာရေး အသိတရားများရအောင်ကြည့် ရှုကြပါသည်။

(ည) လူငယ် နှင့် ယဉ်ကျေးမှု။ ။ ကျွန်တော်တို့ ဆည်ကြီးကျေးရွာတွင် သာရေး၊ နာရေး၊ လူမှုရေး မိမိတတ်နိုင်သမျှ တာဝန်ယူလုပ်ဆောင်ကြပါသည်။ သီတင်းကျွတ်မီးထွန်းပွဲတော်နှင့် မဟာဘုံကထိန်ပွဲတော်များကို ရိုးရာယဉ်ကျေးမှုမပျောက်ပျက်စေရန် နှစ်စဉ်နှစ်တိုင်းလုပ်ဆောင် ကြပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအတွက် ကျေးလက်ရုံးမှာပညာသင်ကြားပါသည်။ လယ်ကွင်းထဲ၌ အပမ်းဖြေကြပါသည်။ လူငယ်များအတွက် အားကစားလုပ်ရှားမှုမှာ ကျေးရွာ ၏တောင်ဘက်တွင် တည်ရှိပြီး ဘောလုံးများကို အဖွဲ့လိုက်စုဝေး၍ကစားကြပြီး ဝန်းသိုဘော လုံးကွင်းသို့ ဥက္ကဋ္ဌဖလားပြိုင်ပွဲ သွားရောက်ယှဉ်ပြိုင်ကြပါသည်။ အင်တာနက်လိုင်းများကို ကိုစီကိုယ်ၚ သတင်းအချက်အလက်များသိရှိစေရန်နှင့် ဗဟုသုတများလေ့လာ၍ လိုအပ်သည် များကို အင်တာနက်သို့တင်ပို့ကြပါသည်။ ကျေးရွာအတွင်းရှိ စာကြည့်တိုက်များမှာ နေရာရှိ ပြီး၊ အခြေခံအုတ်မြစ်လိုင်းလုပ်ထားပြီး၊ သစ်ဝါးရှားပါး၍ ဝယ်ယူနိုင်မှုမရှိခြင်းတို့ကြောင့် လူ ငယ်များအတွက် ဗဟုသုတများ၊ အသိပညာများနှောင့်နှေးရပါသည်။ လူငယ်များ၏ အလုပ် အကိုင် အခွင့်အလမ်းအခြေအနေမှာ သဲကျောက်များကိုကားတင်၍တခါတရံလုပ်ကိုင်ကြပါ သည်။

(ဋ္ဌ) တည်ငြိမ်အေးချမ်းမှု နှင့် ပြည်သူ့လုံခြုံရေး။ ။ ကျွန်တော်တို့ဆည်ကြီးကျေးရွာတွင် ဖုန်းစသည်အဆက် အသွယ်များကို ရွာနှင့်မနီးမဝေး တောတောင်လယ်မြေများ၌ တပ်ဆင်ထားမှုရှိသောကြောင့် အဆက်အသွယ်များမှာ ဖုန်းအမျိုးအစားများမှာ HUAWEI ဖုန်းစသည့် ဆက်သါယ်သည့် ဖုန်းများကို အဆက်အသွယ် အာမခံဖုန်းများကိုသာ ဝယ်ယူ၍သုံးဆောင်ကြပါသည်။

ကျွန်တော်တို့ဆည်ကြီးကျေးရွာတွင် ကြက်များကို မကြာခဏ ခိုးယူပြီး မူးယစ်ဆေးဝါးများကို ဝင်းကြီးရွာသားများသုံးဆောင်ကြပါသည်။ သက်ဆိုင်ရာ ဌာနများလည်းဖမ်းပြီး ပြစ်ဒဏ်များကို(၆)လမှ (၇)နှစ်အထိ ပြစ်ဒဏ်ချမှတ်ပါသည်။ ပြစ်ဒဏ်မှလွတ်ပြန်သော်လည်း နောက်တစ်ကြိမ် ပြစ်ဒဏ်ခံရပါသည်။

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊ အဟန့်အတား များ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ အကျဉ်းချုပ်

(က) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ဖြစ်သော အခြေအနေကောင်းများ အသင့်အတင့် ရှိပါသည်။ ကျေးရွာတွင် လုပ်အားများရရှိနိုင်ပါသည်။

(ခ) အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက် ရန် အဟန့်အတားများမှာ ကျေးရွာမှ ငွေကြေးမတတ် နိုင်ခြင်း ၊ သက်ဆိုင်ရာ ဌာနများနှင့် ချိတ်ဆက်မှုအားနည်းခြင်း ၊ ချိတ်ဆက်ဆောင်ရွက်ရမည့် နည်းလမ်း များမသိခြင်းတို့ကြောင့် ဖြစ်ပါသည်။

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ

(က) ရည်မှန်းချက် ပန်းတိုင်

ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာများကို ကျေးရွာလူထု ပူးပေါင်းပါဝင်မှုဖြင့် ကျေးရွာ ဖွံ့ဖြိုးရေးစီမံချက်တွင် ရေးဆွဲထားပါသည်။ ကျွန်တော်တို့ ကျေးရွာသည် အခြေခံအဆောက်အဦ ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးတက်လာစေရန် အောက်ပါအတိုင်း ချမှတ် ခဲ့ပါသည်။

က၊၁) ကျေးရွာတွင်းလမ်းများပိုမိုကောင်းမွန်လာရမည်။

က၊၂) ကျေးရွာသူ/ကျေးရွာသားများဗဟုသတရရှိရေးကိုအလေးထားဆောင်ရွက်မည်။

(ခ) ဖွံ့ဖြိုးရေးဗျူဟာ

ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကျေးရွာ အတွင်း အဟန့်အတားများ၊ စိန်ခေါ်မှုများ ကိုကျော်လွှားနိုင်ရန် ဖွံ့ဖြိုးရေးကို အထောက်အကူ ဖြစ်စေသော အလားအလာ အထောက်အပံ့များကို အသုံးချ၍ အောက်ပါဖွံ့ဖြိုးရေးဗျူဟာများကို သက်ဆိုင်ရာဌာနများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာလူထု များ ပူးပေါင်းပါဝင်ခြင်းဖြင့် ဖော်ထုတ် ထားပါ သည်။

(၁) ကျေးရွာတွင်းလမ်းများ ပိုမိုကောင်းမွန်လာစေရန် ကျေးရွာမှ လုပ်အားထည့်ဝင်ခြင်း၊ ငွေကြေးအတွက် သက်ဆိုင်ရာဌာနများဖြင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။

(၂) ကျေးရွာတွင် ကျေးရွာသူ/ကျေးရွာသားများအသိပညာဗဟုသတများတိုးပွားလာစေရေးအတွက် ကျေးရွာစာကြည့်တိုက်ကိုတည်ဆောက်သွားမည်။

(၃) ပညာသင်ကျောင်းနေသော ကျောင်းသား/သူများ လုံခြုံစိတ်ချစွာ ပညာသင်ကြားနိုင်ရန် စာသင်ကျောင်းဝင်းခြံစည်းရိုးကာရံခြင်းလုပ်ငန်းများဆောင်ရွက်သွားမည်။

(၄) ကျေးရွာတွင်းရေစီးရေလာကောင်းမွန်စေရေးအတွက် တံတားတည်ဆောက်ခြင်းလုပ်ငန်းများလည်းတည်ဆောက်သွားမည်။

(၇)။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

ဤကဏ္ဍသည် ကျေးရွာလူထုကိုယ်တိုင် မဖြေရှင်းနိုင်သော ပြဿနာများအတွက် နိုင်ငံတော် အဆင့်မှ မူဝါဒဆိုင်ရာ အရေးထားဆောင်ရွက်မှုနှင့် အစီအစဉ်ကျသော ပံ့ပိုးမှုများအပြင် ဒေသအဆင့်၊ မြို့နယ်အဆင့်တို့မှ အစီအစဉ်ကျသော ထောက်ပံ့မှုများ၊ ချိတ်ဆက်မှုများ လုပ်ဆောင်နိုင်ရန် ရည်ညွှန်းပါသည်။

(က) ကျေးရွာသည် စိုက်ပျိုးရေးကို အခြေခံသောကျေးရွာတစ်ရွာဖြစ်သည့်အတွက် စိုက်ပျိုး ရေလုံလောက်စွာရရှိရေးသည် စိုက်ပျိုးထုတ်လုပ်မှုနှင့် အထွက်နှုန်းတိုးတက်ရန်အတွက် များစွာ အရေးကြီးပါသည်။ စိုက်ပျိုးရေလုံလောက်ရန် ငွေကြေး၊ နည်းပညာများကို ဆည်မြောင်းဌာန၊ အခြားသက်ဆိုင်ရာ ဌာနများမှ လိုအပ်သော နည်းပညာ၊ ငွေကြေးပံ့ပိုးနိုင်ရန် မူဝါဒများ၊ အစီအစဉ်များ ချမှတ်ရန် လိုအပ်မည်။ ထို့အပြင် ပိုးမွှားရောဂါကျရောက်ခြင်း၊ မျိုးကောင်းမျိုးသန့်များ မသုံးနိုင်ခြင်းများကြောင့် နှစ်စဉ်နှစ်တိုင်း အထွက်နှုန်း ကျဆင်း လာပါသည်။ စိုက်ပျိုးရေးပညာပေးဌာနတွင် ဝန်ထမ်းမလုံ လောက်ခြင်း၊ ဘတ်ဂျက်မပြည့်စုံခြင်း၊ ကွင်းပုံမှန် မဆင်းနိုင်ခြင်းများသည် အကြောင်းတစ်ရပ် ဖြစ်ပါသည်။ ထို့ကြောင့် မူဝါဒများ၊ ဘတ်ဂျက်များကို ဒေသ လိုအပ်ချက်များကို အခြေခံ၍ ရေးဆွဲပြီး၊ ကျွမ်းကျင်ဝန်ထမ်းများ ဖြည့်ဆည်းခန့်ထားရေး၊ လုံလောက်သော ဘတ်ဂျက်လျာထားချက် များထားရှိခြင်း များကို လုပ်ဆောင်သင့် ပါသည်။

(ခ) ကျေးရွာသူ/သားများသည် မိသားစုတစ်နိုင်တစ်ပိုင်ဝင်ငွေတိုးရန် အသေးစားမွေးမြူရေး လုပ်ငန်းများကို လုပ်ကိုင်နိုင်ရန် ရင်းနှီးနိုင်ခြင်းမရှိပါ။ အခြေခံမွေးမြူရေးစောင့်ရှောက်မှုများ မရရှိကြပါ။ တစ်နိုင်တစ်ပိုင်မွေးမြူရေးချေးငွေအစီအစဉ်များ ဆိုင်ရာမူဝါဒများ ချမှတ်သင့်ပါသည်။

(ဂ) ကျေးလက်ဒေသရှိ လူထုများ၏ အခြေခံလိုအပ်ချက်များဖြစ်သော ပညာရေး၊ ကျန်းမာရေး ဆိုင်ရာ မူဝါဒများကိုလည်း ထိရောက်စွာလုပ်ဆောင်သင့်ပါသည်။ အောက်ခြေတွင် လိုအပ်သော အခြေခံကျန်းမာရေး စောင့်ရှောက်မှုအစီအစဉ်များ၊ ပညာရေးအခြေခံအဆောက်အဦများ ဖြည့်ဆည်းပေးနိုင်ရန် ဘတ်ဂျက်ခွဲဝေခြင်းကို ပိုမိုတိုးမြှင့် လုပ်ဆောင်ရပါမည်။ ပညာရေး တတ်မြောက်မှုကို တိုးမြှင့်လုပ်ဆောင်နိုင်ရန် ပညာရေး ဆိုင်ရာ အခြေခံအဆောက်အဦများ ဖြည့် ဆည်းပေးရန် လိုပါမည်။

(ဃ) ကျေးရွာတွင် အမျိုးမျိုးသောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ ကျေးရွာ အခြေပြု အသေးစား စီးပွားရေးလုပ်ငန်း များ ရင်းနှီးလည်ပတ်နိုင်ရန် အဆင်ပြေသော လက်လှမ်း မီနိုင်သော ဘဏ်လုပ်ငန်းများ၊ ချေးငွေ စနစ်များ လိုအပ်ပါသည်။ ထို့အပြင် ကျေးရွာအခြေခံ တစ်နိုင် တစ်ပိုင် စီးပွားရေးလုပ်ငန်း များ တိုးမြှင့် လုပ်ဆောင် နိုင်ရန် အခြေခံကျွမ်းကျင်မှုသင်တန်းများ၊ တန်ဖိုးမြှင့် ထုတ်ကုန်လုပ်ငန်းများ လုပ်ဆောင်ရန် မူဝါဒများ ချမှတ် လုပ်ဆောင်ရန်လိုပါမည်။

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

(က) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေး ချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်း ငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာ ပါမည်။ ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် ငါးနှစ်တာဖွံ့ဖြိုးရေး နည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာ အတွင်း ထပ်တိုးစီမံချက်များ ရှိလာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှု ဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရ လွယ်ကူ စေရန် ဦးတည်ပါသည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝ ဘေးအန္တရာယ်၊ အခြားအရေးပေါ် ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်း ချက် မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် **နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်**ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာ အချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာ အထောက် အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၄င်းတို့နှင့် သက်ဆိုင်သော စီမံချက်များကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classify-cation သည် စီမံချက်များ၏ အကျိုးရလဒ် ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်း များ ဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

(၁) ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း (Functional Classification)

ဆောင်ရွက်မည့်စီမံချက်နှင့် စီမံချက်ဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ စသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည် ဖြင့် ခွဲခြား သတ်မှတ်နည်းဖြစ်ပါသည်။

(၂) ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစား ဖြစ်သည်ကို ဖော်ပြခြင်း ဖြစ်ပါသည်။

- သာမန် အသုံးစရိတ် (Current Expenditure) ဥပမာ–လစာ၊ နေ့တွက်စရိတ်၊ လုပ်ငန်း လည်ပတ်စရိတ်၊ ငှားရမ်းခ စသည်များ၊
- ငွေလုံးငွေရင်း အသုံးစရိတ် (Capital Expenditure) ဥပမာ–ဆောက်လုပ်ရေးပစ္စည်းများ နှင့် ပုံသေဝယ်ယူ၍ ရသော ရင်းနှီးမြှုပ်နှံမှုများ၊
- စွမ်းဆောင်ရည်မြှင့်တင်ရေး အသုံးစရိတ် (Capacity Building Expenditure) ဥပမာ – ဆွေးနွေးပွဲ၊ သင်တန်းစသည့်အသုံးစရိတ်၊
- လူသားချင်း စာနာမှု အထောက်အပံ့ (Humanitarian Support)

(ဂ) ဦးစားပေးစီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့် သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသူ /သား ကိုယ်စား ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များမှ ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။

ဦးစားပေးစီမံချက်များ

ကဏ္ဍ	စီမံချက်	ရ မှတ်	ဦးစားပေးအဆင့်	စီမံကိန်းရှင်းလင်းချက်	မှတ်ချက်
၁။ အခြေခံအဆောက်အဦ	၁။ ရွာတွင်းလမ်းများကွန်ကရစ်ခင်းခြင်း		၁		
	၂။ စာကြည့်တိုက်နံရံများတည်ဆောက်ခြင်း		၂		
	၃။ တံတားတည်ဆောက်ခြင်း		၃		
၂။ပညာရေး	၁။ စာသင်ကျောင်းဝင်းခြံစည်းရိုးကာရံခြင်း		၄		

(ဃ) အကောင်အထည်ဖော် မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

စဉ်	စီမံချက်	ဦးစားပေး အဆင့်	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁
၁	ရွာတွင်းလမ်းကွန်ကရစ်လမ်း ခင်းခြင်း	၁					✓
၂	စာကြည့်တိုက်နံရံများတည်ဆောက်ခြင်း	၂					✓
၃	တံတားတည်ဆောက်ခြင်း	၃					✓
၄	စာသင်ကျောင်းဝင်းခြံစည်းရိုးကာရံခြင်း	၄					✓

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်

ဘတ်ဂျက်အစီအစဉ်ကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။ ဘတ်ဂျက်ကို အစီအစဉ် ရေးဆွဲချိန်တွင် ကုန်ကျစရိတ်ကိုအခြေခံ၍ ခန့်မှန်းတွက်ချက်ထားပါသည်။ အမှန်တကယ်ကုန်ကျနိုင်မည့် ဘတ်ဂျက်ကို သက်ဆိုင်ရာဌာနများ၊ ပြင်ပအဖွဲ့အစည်းများများမှ နည်းပညာနှင့် ငွေကြေးအကူအညီများရယူ၍ ပြန်လည်တွက်ချက်သွားရန် လိုအပ်ပါမည်။ ဖော်ပြပါ ဘတ်ဂျက်အစီအစဉ်တွင် ကျေးရွာလူထုမှ ထည့်ဝင်သော လုပ်သား အင်အား၊ လုပ်ငန်းသုံးကိရိယာများ၊ ပူးပေါင်းပါဝင်သော အချိန်များကို ထည့်သွင်းတွက်ချက်ထားခြင်း မရှိပါ။

စီမံချက် ဘတ်ဂျက်

စဉ်	စီမံချက်	ရန်ပုံငွေ (သိန်း)	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်)			
			သာမန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံး စရိတ်		လူသားချင်းစာနာမှုအထောက်အပံ့
				ငွေလုံးငွေရင်း	စွမ်းဆောင် ရည်မြှင့်တင်ရေး	
၁	ရွာတွင်းလမ်းကွန်ကရစ်လမ်း ခင်းခြင်း			✓		
၂	စာကြည့်တိုက်နံရံများ တည်ဆောက်ခြင်း			✓		
၃	တံတားတည်ဆောက်ခြင်း			✓		
၄	စာသင်ကျောင်းဝင်းခြံစည်းရိုးကာရံခြင်း			✓		

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်း အောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော စီမံချက်လုပ်ငန်းများကို အထိရောက် ဆုံး အကောင် အထည် ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ် ညှိနှိုင်း ရေးနှင့် စီမံခန့်ခွဲရေး တာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန် များ ခွဲဝေ အပ်နှင်း၍ သက်ဆိုင်ရာစီမံချက်များ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်း သည် ကျေးရွာ မူလတန်းကျောင်း၏ ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန်တာဝန်ယူ ဆောင်ရွက် စေ၍ လယ်သမား အဖွဲ့က ကျေးရွာ လယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်း လုပ်ငန်းကို တာဝန် ယူ ဆောင်ရွက် စေခြင်း ဖြစ်ပါသည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံချက်များ အကောင်အထည်ဖော်ရာ တွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့များကိုလည်း ရှာဖွေ ဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ် နိုင်သော အကူအညီများ ရယူဆောင် ရွက်ရန် ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေး သင်ကြားမှု အရည်အသွေး တိုးတက်ရေး ဆောင်ရွက်ရန် မြို့နယ် ပညာရေး ဌာနနှင့် ချိတ်ဆက် ညှိနှိုင်း ဆောင်ရွက် ရပါမည်။ လယ်သမား အဖွဲ့ အစည်း ကလည်း လယ်ယာ ကုန်ထုတ် လုပ်ငန်း အထောက် အကူပြုလမ်း အဆင့်မြှင့် တင်ရန် မြို့နယ်ဆောက်လုပ် ရေး ဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာ ဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူ အညီများရယူရပါမည်။

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံချက်လုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်း အမျိုးအစားများအတွက် အောက်ပါ အဖွဲ့ အစည်း/ ပုဂ္ဂိုလ် များ၏ ပါဝင်မှုမှာ အမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့် အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

